# သင်ယူလွယ်သောသဘောထား ဘယ်လိုများရနိုင်ပါ့မလဲ

## သိရုံနှင့်မပြီး၊ သင်ယူနိုင်ဖို့အရေးကြီးသည်

သင်သည် ဉာဏ်စွမ်းရည်မြင့်မားသူဖြစ်နေလျှင် သင့်ကို သင်ကြားပေးရန်အတော်ခက်ပါသည်။ ဘာကြောင့်ပါလဲ၊အဘယ်ကြောင့်ဆိုသော်ဉာဏ်စွမ်းရည်ကောင်းသောလူများကသူတို့ကိုယ်သူတို့အကုန်လုံးသိ၊ အကုန်လုံးနားလည်သည်ဟု ထင်ကြသောကြောင့် ဖြစ်ပါသည်။ သူတို့၏ဉာဏ်စွမ်းရည်ကို အဆက်မပြတ်တိုးချဲ့ပေးနေဖို့လိုအပ်ကြောင်း ပြောကြားရန် အလွန်ကျပ်ပါသည်။ တကယ်တော့ သင်ယူလွယ်ခြင်းသည် အရည်အချင်းပြည့်ဝခြင်း ဉာဏ်ကောင်းခြင်းတို့နှင့် သိပ်မဆိုင်လှဘဲ သဘောထားရပ်တည်ချက်နှင့်သာ သက်ဆိုင်ပါသည်။ နားထောင်လိုသောဆန္ဒ သင်ယူလိုသောဆန္ဒနှင့် လက်တွေ့အသုံးချလိုသောဆန္ဒသာလိုအပ်ပါသည်။ တစ်နည်းအားဖြင့်ရှာဖွေတွေ့ရှိရန်နှင့် ကြီးပွားတိုးတက်ရန် ဆာလောင်မွတ်သိပ်နေခြင်းဖြစ်ပါသည်။အခြားတစ်နည်းအားဖြင့်သင်ယူရန်၊ မိမိ၏မှားယွင်းသောအကျင့်ဆိုးကို ပြင်ဆင်ရန်နှင့်ပြန်လည်သင်ယူရန်လိုလားခြင်းလည်းဖြစ်ပါသည်။ ဤနေရာတွင် ဂုဏ်သတင်း ကျော်ကြားသော ဘတ်စကက်ဘော နည်းပြဆရာ John Wooden ပြောခဲ့သော စကားလေးတစ်ခွန်းကို နှစ်သက်မိပါသည်၊ "ပညာရပ်တစ်ခုကို သိထားရုံနှင့်မပြီး၊ သင်ဘယ်လောက် သင်ယူထားပြီးပြီလဲ ဆိုတာ ကသာ အရေးကြီးတာပါ"။

စာရေးသူက ခေါင်းဆောင်များကို ဆွေးနွေးပို့ချခြင်းနှင့် နည်းလမ်းပြသခြင်း ပြုလုပ်သည့် အခါတိုင်းသတိပေးသောစကားမှာ "ခင်ဗျားတို့သင်ယူမှုကိုရပ်လိုက်လျှင် ခင်ဗျားတို့ရဲ့ ခေါင်းဆောင်မှုလည်း ရပ်သွားပြီ၊ သို့သော် သင်ယူနိုင်စွမ်းရှိကြပြီး ဆက်လက်သင်ယူနေကြမည်ဆိုလျှင်တော့ ခင်ဗျားတို့ရဲ့ ခေါင်းဆောင်မှုဟာ ဆက်လက်ထိရောက်မှု ရှိနေပါလိမ့်မယ်" ဟူ၍ဖြစ်၏။ ခေါင်းဆောင်မှုအပိုင်းမှာဖြစ်စေ အတတ်ပညာ ကျွမ်းကျင်မှုအပိုင်းမှာဖြစ်စေ စီးပွားရေးစွန့်ဦးတီထွင်မှုအပိုင်းမှာဖြစ်စေ အခြားမည်သည့်ကိစ္စတွင်မဆိုသင်ယူရန် ကြိုးပမ်းအားထုတ်နေခြင်းဖြင့် သင်၏ ဉာဏ်စွမ်းရည်ကို ဆွဲဆန့်နိုင်ပါသည်။ ဉာဏ်စွမ်းရည် ကောင်းသော ပုဂ္ဂိုလ်များသည် သင်ယူလွယ်သော သဘောထား ထားရှိခြင်းဖြင့် ထပ်ဆင့်ဉာဏ်စွမ်းရည် ကောင်းသော ပုဂ္ဂိုလ်များဖြစ်လာနိုင်ပါသည်။

## သင်ယူလွယ်သော သဘောထား

ဉာဏ်စွမ်းရည်ကောင်းလာစေရန် နှင့် သင်ယူလွယ်သော သဘောထားရရှိစေရန် အတွက် သင်ယူခြင်းနှင့် ပတ်သက်သော အောက်ပါအမှန်တရားများကို စဉ်းစားကြည့်စေလိုပါသည်–

**(၁) သင်ကသာ စိတ်မဝင်စားလျှင် ဘာမျှ စိတ်ဝင်စားစရာမရှိပါ။** လူတို့သည်လှည်းဘီးရာအဟောင်းအတွင်းသို့ ကျဆင်းခဲ့ပြီးနောက် ပြန်မတက်ခဲ့လျှင် ရက်စရာဖြစ်ပါသည်၊ သူတို့သည် လူ့ဘဝမှာ ပေးဆပ်စရာရှိသည်များကို မပေးဆပ်ဘဲ မေ့လျော့နေကြသည်။ သင်ယူလွယ်သော ပုဂ္ဂိုလ်များ၏ ဘဝကားသူတို့နှင့်ခြားနားသည်၊ အမြဲလုပ်စရာအလုပ်များရှိနေသည်၊ ရှာဖွေဖော်ထုတ်ရန် ဆွေးနွေးဖြန့်ဝေပေးရန် အသုံးချရန်နှင့် ကြီးပွားတိုးတက်ရန် တို့အတွက်သူတို့ကစိတ်ဝင်စားကြသည်။ လူတစ်ယောက်၏ စိတ်ထက်သန်ပြင်းပြခြင်းနှင့် အလားအလာရှိခြင်းတို့အကြား၌ တိကျရေရာသော ဆက်စပ်မှုရှိနေပါသည်။

ဂျာမန်တွေးခေါ်ရှင်တစ်ဦးဖြစ်သော Goethe က " စစ်မှန်သော အနုပညာလက်ရာ တစ်ခုကို မခံစားဘဲ ကြီးကျယ်ခန်းနားသောတေးဂီတ တစ်စိတ်တစ်ပိုင်းကို နားမထောင်ရဘဲ ဂန္ထဝင်မြောက်သော

စာအုပ်စာတမ်းတစ်ခုကို မဖတ်လိုက်ရဘဲ နေ့တစ်နေ့ကို မကုန်ဆုံးစေသင့်ပါ" ဟု အကြံပေးခဲ့ဖူးပါသည်။ လုပ်စရာအလုပ်များ ပိုများလာလေ သင့်ဘဝသည် ပိုစိတ်ဝင်စားစရာကောင်းလာလေပါပဲ၊ စူးစမ်းရှာဖွေခြင်းနှင့်သင်ယူခြင်းအတွက် သင်ကပို၍စိတ်ဝင်စားလေ ကြီးပွားတိုးတက်ရန် သင်၏ အလားအလာက ပိုကောင်းလေပါပဲ။

(၂) **အောင်မြင်သောလူများသည်မအောင်မြင်သောလူများနှင့် ကွဲပြားခြားနားစွာ ရှုမြင်သုံးသပ်ပြီးသင်ယူကြသည်။** စာရေးသူသည်သုံးဆယ်ငါးနှစ်ကြာအောင်လူများကိုသင်ကြားခြင်းနှင့်လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့ပြီးနောက် သတိထားမိသော အချက်တစ်ချက်မှာ အောင်မြင်သော လူတို့သည် မအောင်မြင်သောလူတို့နှင့်ကွဲပြားခြားနားစွာစဉ်းစားတွေးခေါ်ကြောင်းတွေ့ရှိလာရခြင်းဖြစ်ပါသည်။ ဤသို့ ပြောခြင်းဖြင့် မအောင်မြင်သောလူတို့သည် အောင်မြင်သောလူများကဲ့သို့ မစဉ်းစားနိုင်ဟုဆို လိုခြင်း မဟုတ်ပါ၊ (အမှန်တော့လူတိုင်းလိုလိုသည် ကွဲပြားခြားနားစွာ စဉ်းစားနိုင်ရန်မိမိကိုယ်မိမိ ပြန်လည်လေ့ကျင့်ပေးလျှင်ရပါသည်)အောင်မြင်သောစဉ်းစားတွေးခေါ်မှုပုံစံသည်သင်ယူခြင်းနှင့်နီးနွယ်မှုရှိပါသည်။

သင်ယူလွယ်သောပုဂ္ဂိုလ်များသည် အယူအဆအသစ်များအတွက် အမြဲတံခါးဖွင့်ပေးထားသည့်အပြင် တစ်စုံတစ်ယောက်ကသာသင်ပေးရန် ကမ်းလှမ်းလာလျှင် မည်သူ့ထံမှမဆို သင်ယူလိုသော ဆန္ဒရှိကြပါသည်၊ အမေရိကန်သတင်းသမား Sydney J. Harris ကရေးသားခဲ့သည့်အတိုင်းဆိုလျှင် "အခြားလူများက သူ့ကိုအထူးကျွမ်းကျင်သူ တစ်ဦးအဖြစ် သတ်မှတ်ထားသော်လည်း သူဘယ်လောက်ဆက်လက်လေ့လာစရာတွေကျန်ရှိနေသေးသည်ကို သိနားလည်သောလူသည် အောင်မြင်နေသော လူဖြစ်သည်။ သူသိနားလည်ထားသည်မှာ ဘယ်လောက်နည်းပါးကြောင်း သေသေချာချာ မသိသေးမီတွင် အခြားလူများက သူ့ကို အထူးကျွမ်းကျင်သူအဖြစ် သတ်မှတ်စေလိုသော လူသည် ဆုံးရှုံးနေသော လူဖြစ်သည်" ဟူ၍ ဖြစ်သည်။

သို့ဖြစ်၍ အောင်မြင်သူနှင့် ဆုံးရှုံးသူတို့အကြား ခြားနားချက်မှာ သဘောထားရပ်တည်ချက်သာဖြစ်ပါသည်။

စာရေးသူသည် မိမိသိတာ ဘယ်လောက်နည်းကြောင်း သိနိုင်ဖို့အတွက် သူသည်ဘယ်လောက်အထိသင်ယူခဲ့ရသည်ကို ပြန်ပြောပြသည်မှာ မှတ်သားလောက်ပါသည်။ ၁၉၉၂ခုနှစ်တွင် စာရေးသူက "သင့်ကိုယ်တွင်းမှာ ခေါင်းဆောင်တစ်ယောက်မွေးမြူပါ" ဟူသောအမည်ဖြင့်စာအုပ်တစ်အုပ်ရေးခဲ့ဖူးသည်၊ ထိုအချိန်က သူထင်သည်မှာ " ငါ့မှာခေါင်းဆောင်မှုဘာသာရပ်နှင့်ပတ်သက်လို့ အောင်မြင်မှုတချို့ရရှိထားပြီးပြီ၊ အခု ဒီစာအုပ်ကိုရေးမယ်၊ ဒါဟာဒီလောက် အရေးကြီးတဲ့ဘာသာရပ်ကို အခြားလူများအတွက် ငါ့ရဲ့ပြီးပြည့်စုံသောပေးဝေမှုပဲဖြစ်ရမယ်" ဟုထင်ခဲ့ပါသည်။ ခေါင်းဆောင်မှုနှင့်ပတ်သက်၍လည်း သူသိသလောက် အကုန်ထည့်ရေးခဲ့သည်။ သို့သော် အမှန်မှာထိုစာအုပ်သည် အစပျိုးမှုတစ်ခုသာဖြစ်ခဲ့ပါသည်။ ထိုစာအုပ်ကို ရေးသားခြင်းဖြင့် စာရေးသူကို ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ပိုမိုသင်ယူလိုသော ဆန္ဒဖြစ်ပေါ်စေခဲ့သည်။ သင်ယူရန် အားထုတ်ခြင်းသည်ခေါင်းဆောင်မှုနှင့်ပတ်သက်၍ သူ့ကိုနောက်ထပ်အဆင့်တစ်ဆင့်တိုးတက်သွားစေခဲ့ပါသည်။ စာအုပ်စာတမ်းများ ဟောပြောပို့ချမှုများ လူများ၏ အတွေ့အကြုံများကို သင်ယူလေ့လာရန်အတွက် ပိုမိုရှာဖွေခဲ့ရပါသည်။ ယခုအချိန်အထိ သူသည်ခေါင်းဆောင်မှုစာအုပ်

ရှစ်အုပ်ရေးသားခဲ့ပြီးဖြစ်ပါသည်။ ဤခေါင်းစဉ်နှင့် ပတ်သက်၍ ပြီးပြည့်စုံသွားပြီလား၊ မပြီးသေးပါ၊ သင်ယူရန်အချက်အလက်များလည်းကျန်နေပါသေးသည်။ ထို့အတူ သင်ကြားပေးရန်လည်း လိုပါသေးသည်၊ စာရေးသူ၏ခေါင်းဆောင်မှုကမ္ဘာသည် ဆက်လက်ကျယ်ပြန့်နေသည်။ စာရေးသူ ကိုယ်တိုင်လည်း စဉ်းစားတွေးခေါ်မှုကို ဆန့်ထုတ်နေသည်၊ ကမ္ဘာကြီးက အဆမတန် ကျယ်ပြောလွန်းလှပါသည်၊ လူများ၏အသိပညာကတော့ ကန့်သတ်ချက်ရှိသည်၊ ထို့ကြောင့် ကျွန်ုပ်တို့တွင် သင်ယူလွယ်သော သဘောထားရှိနေသမျှ ကာလပတ်လုံး သင်ယူစရာတွေ အမြောက်အမြားရှိနေပါသည်။

**(၃) သင်ယူခြင်းသည် တစ်သက်တာလုံးလိုက် စစ်ဆင်နွှဲနေရခြင်းဖြစ်သည်။** ရောမလူမျိုးပညာရှင် Cato က ဂရိဘာသာစကားကို အသက်ရှစ်ဆယ်ကျော်မှ သင်ယူခဲ့သည်၊ သူ့အသက်အရွယ်နှင့် ဒီအချိန်ကျမှ ဘာ့ကြောင့်ဒီလိုခက်ခဲသည့် အလုပ်ကို လုပ်နေရသလဲဟုမေးသောအခါသူက “ ငါ့အတွက်ကျန်နေတဲ့အချိန်တွေထဲက ဒါအစောဆုံးပဲလေ” ပြန်ဖြေသည်။ Cato ကဲ့သို့မဟုတ်ပဲ လူများစွာတို့သည် သင်ယူခြင်းကို လုပ်ငန်းစဉ်တစ်ခုကဲ့သို့ သဘောမထားဘဲ ဖြစ်ရပ်တစ်ခုကဲ့သို့သာ သဘောထားကြသည်။ တချို့ကပြောကြသည်၊ အရွယ်ရောက်သူများ၏ သုံးပုံတစ်ပုံသာ သူတို့နောက်ဆုံးဘွဲ့လက်မှတ် ရယူပြီးနောက် စာအုပ်တစ်အုပ်ကို ကုန်အောင်ဖတ်ခဲ့ကြသည်ဟု ဆိုပါသည်၊ ဘယ်လိုဖြစ်ရတာလဲ၊ သူတို့က ပညာရေးကို လူ့ဘဝကာလအပိုင်းအခြားတစ်ခု၏ အလုပ်ပဲဟုမြင်ကြသည်၊ လူ့ဘဝတစ်လျှောက်လုံး၏ နေထိုင်မှုဖြစ်စဉ်ဟု မမြင်နိုင်ကြသောကြောင့် ဖြစ်ပါသည်။

သင်ယူခြင်းသည် အသက်ကန့်သတ်မထားသော လှုပ်ရှားမှုဖြစ်ပါသည်။ Cato ကဲ့သို့ အသက်ရှစ်ဆယ်ကျော်ခြင်း သို့မဟုတ် ကလေးဘဝက အရွယ်မရောက်သေးခြင်းတို့နှင့် မသက်ဆိုင်ပါ။ စာရေးဆရာ Julio Melara သည် လူ့ဘဝ၏အဓိကကျသောသင်ခန်းစာများကို အသက်ဆယ့်တစ်နှစ်သား အရွယ်တွင် စတင်ဆည်းပူးလေ့လာခဲ့ပြီး အရွယ်ရောက်လာသောအခါ အခြားလူများကိုပြန်လည်သင်ကြား ပေးနိုင်အောင် သယ်ဆောင်သွားနိုင်ခဲ့သည်။ သူ၏သင်ယူရရှိခဲ့သောအချက်များမှတချို့ကို သူရေးသားခဲ့သော စာအုပ် “အောင်မြင်သော ဘဝတစ်ခုအတွက် သင်ခန်းစာများ” မှ ကောက်နုတ်ဖော်ပြလိုက်ပါသည်–

**ဘဝအစိတ်အပိုင်းတစ်ခုစီမှ သင်ယူရရှိခဲ့သော သင်ခန်းစာများ**

အသက် ၁၁ နှစ်အရွယ်တွင် အကျိုးအမြတ်ခံစားလိုမှုကြောင့် မြက်ဖြတ်သောအလုပ်ကို စတင်လုပ်ဆောင်သည်။ **မြက်ဖြတ်အလုပ်သမားတစ်ယောက် အနေဖြင့် သင်ယူရရှိခဲ့သော သင်ခန်းစာ။** အရာရာကို သန့်ရှင်းစေပြီး လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုကို ဖော်ပြနိုင်ရန် အရေးကြီးသည်။

**ရပ်ကွက်အစားအစာရောင်းချသောဆိုင်တွင်ပစ္စည်းထိန်းစာရေးတစ်ယောက်အနေဖြင့်သင်ယူရရှိခဲ့သော သင်ခန်းစာ။** တစ်စုံတစ်ခုကို ရောင်းချတော့မည်ဆိုလျှင်ထိုကုန်ပစ္စည်းသည်သိုလှောင်ရုံထဲတွင်ရှိရန်သေချာစေရမည်။

**စားသောက်ဆိုင် ပုဂံဆေးလုပ်သားတစ်ယောက် အနေဖြင့်သင်ယူရရှိခဲ့သော သင်ခန်းစာ။** အခြားလူများမလုပ်ချင်သော အလုပ်ကို တစ်စုံတစ်ယောက်ကတော့ လုပ်နေရပါမည်၊လူအများစုက သူတို့ပုဂံတွေထဲမှာ စားစရာတွေအများကြီး ချန်ထားခဲ့ကြသည်။ (သူတို့စတင်ခဲ့သောအလုပ်ကို ပြီးစီးအောင် မလုပ်နိုင်ကြပါ။)

**ရုံးစောင့်တစ်ယောက်အနေဖြင့် သင်ယူရရှိခဲ့သော သင်ခန်းစာ။** တစ်ကိုယ်ရေသန့်ရှင်းမှုသည် ဥပမိရပ်နှင့် ဆက်စပ်နေသည့်အတိုင်း အရေးကြီးပါသည်။

**အမဲသားကင်ဆိုင်၏အကြော်အလှော်သမားနှင့်ပြင်ဆင်ပေးသူတစ်ယောက်အနေဖြင့်သင်ယူရရှိခဲ့သောသင်ခန်းစာ။** ကြိုတင်ပြင်ဆင်ခြင်း၏ အရေးပါမှုနှင့် မှန်ကန်သော တည်ခင်းခြင်း၏ ထိရောက်မှု။

**ဆောက်လုပ်ရေးအကူလုပ်သားတစ်ယောက်အနေဖြင့် (သစ်ဆွဲတင်ပေးခြင်း၊ ထမ်းပိုးပေးခြင်း) သင်ယူရရှိခဲ့သော သင်ခန်းစာ။** ကျွန်တော့်ဘဝမှာ ဒီလိုအလုပ်မျိုးထပ်မလုပ်ချင်တော့ပါ။

**နေ့စဉ်သတင်းစာတစ်စောင်၏လစဉ်ကြေးအမှာစာများ လိုက်လံရောင်းချသူ တစ်ယောက်အနေဖြင့်သင်ယူရရှိခဲ့သောသင်ခန်းစာ။** ပယ်ချခြင်းခံရသောအလုပ်ဖြစ်သည်၊ တံခါးပေါက်အနည်းဆုံးသုံးဆယ်ကို ခေါက်ပြီးမှ တစ်စောင်သာရောင်းချရသည်။

**ရေပိုက်ဆက်သွယ်ပြုပြင်ရေးအလုပ်ရုံ၏ ပို့ဆောင်ရေးစာရေးတစ်ယောက်အနေဖြင့် သင်ယူရရှိခဲ့သော သင်ခန်းစာ။** လုပ်ငန်းတစ်ခုသို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းသည် ၎င်းလုပ်ငန်းကို အရောင်းအဝယ် လုပ်ရသကဲ့သို့ အရေးကြီးသည်။

**အဝေးပြေးဂိတ် ၂၄နာရီ စားသောက်ဆိုင်တွင် နံနက်စောစာ ချက်ပြုတ်သူတစ်ဦး အနေဖြင့်သင်ယူရရှိခဲ့သော သင်ခန်းစာ။** တစ်ကြိမ်တည်းမှာတစ်ဆယ့်ငါးမျိုးဘယ်လိုလုပ်နိုင်မလဲ၊ လူတို့သည် ကြက်ဥများကို ဘယ်လောက်ထူးထူးဆန်းဆန်း ဖြစ်အောင် လုပ်စားချင်ကြသလဲ ဆိုသည်ကိုလည်း သင်ယူရရှိခဲ့သည်။

**ကားပြင်ကားဆေးအလုပ်ရုံတွင် ကားဆေးသမားတစ်ယောက်အနေဖြင့် သင်ယူရရှိခဲ့သောသင်ခန်းစာ။** အနုစိတ်မွမ်းမံခြင်း၏အရေးကြီးမှုကို နိုင်းယှဉ်သိရှိရသည်၊ ကားတစ်စီးကို အပြင်ပန်းဆေးလျှင်၁၅ ဒေါ်လာသာ ကုန်ကျနိုင်ပြီး အတွင်းအပြင် အနုစိတ်သန့်ရှင်းရေးပြုလုပ်လျှင် ၁၅၀ ဒေါ်လာကုန်ကျမည်၊ အနုစိတ်လုပ်ရခြင်းသည် အပန်းတကြီးလုပ်ရသော်လည်း တန်ဖိုးပိုရှိသည်။

**လက်လီဆိုင်တစ်ဆိုင်တွင် ဖိနပ်ရောင်းသမားတစ်ယောက်အနေဖြင့် သင်ယူရရှိခဲ့သောသင်ခန်းစာ။** ဖောက်သည်တွေကို သူတို့လိုချင်တာရှာဖွေပေးပြီး ရောင်းချနိုင်ဖို့ပါပဲ၊ ကျေးဇူးတင်စကားပြောကြားပြီး ရိုးသားဖြူစင်ဖို့လည်း သင်ယူရရှိပါသည်။

**အဝေးပြေးလမ်းမကြီးဘေးရှိ စားသောက်ဆိုင်တွင် ခရီးဦးကြိုဆိုရသူ တစ်ယောက်အနေဖြင့် သင်ယူရရှိခဲ့သော သင်ခန်းစာ။** အပြုံးကလေးဖြင့်ပြုစုခြင်းကိုလူများကကြိုက်ကြသည်၊ပြီးတော့ သူတို့သည် သန့်ရှင်းသောစားပွဲကို နှစ်သက်ကြသည်။

လူတစ်ယောက်၏ဘဝအစိတ်အပိုင်းတိုင်းတွင် သင်ယူရန် သင်ခန်းစာများစွာ ရှိနေကြပါသည်။ မိမိတို့သည် သင်ယူလိုခြင်းရှိမရှိ ရွေးချယ်ကြရန်သာ လိုပါသည်၊ ဆက်လက်သင်ယူကြမလား သို့မဟုတ် မိမိစိတ်ကို အတွင်းမှ မင်းတုပ်ချတံခါးပိတ်ထားပြီး ကြီးပွားတိုးတက်မှုကို ရပ်ဆိုင်းပစ်ကြ မလား၊ သင်၏ဆုံးဖြတ်ချက်သာ အခရာပါ။

**(၄) မာနတရားသည် သင်ယူလွယ်ခြင်း၏ နံပါတ်တစ်အဟန့်အတား ။** စာရေးဆရာ လေ့ကျင့်ရေးမှူးနှင့် လူထုတရားဟောဆရာ Dave Anderson က စီမံခန့်ခွဲမှု မှားယွင်းခြင်းနှင့် ဆုံးရှုံးခြင်း၏နံပါတ်တစ်တရားခံသည် မာနတရားဖြစ်သည်ဟု ရေးသားခဲ့သည်– “မန်နေဂျာများ ကျဆုံးရခြင်း

၌ အကြောင်းတရား များစွာရှိပါသည်၊ တချို့ကတော့ လုပ်ငန်းကကြီးမားလာ၍ သူတို့နှင့် မထိုက်တန်တော့ခြင်းကြောင့်ဖြစ်သည်၊ တချို့ကစာရိတ္တအားနည်းသောကြောင့်ဖြစ်သည်။ ပထမတော့ သူတို့ကြည့်ရတာ ဟန်ကျနေသလိုပါပဲ၊ ဒါပေမဲ့ တဖြည်းဖြည်းသူတို့ရဲ့ ကိုယ်ပိုင်လမ်းကြောင်းက ဖောက်မထွက်နိုင်ကြတာ တွေ့လာရတယ်၊ မသင့်လျှော်သောလူတွေကို အကြာကြီးလက်ခံထားမိတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့အမှားအယွင်းလုပ်မိကြောင်း ဝန်မခံလိုခြင်းနှင့် လူအဝင်အထွက် အပြောင်းအလဲများလွန်းလျှင် သူတို့အပေါ် အမြင်မကောင်းမှာ စိုးရိမ်လို့ပါပဲ။ တချို့ဆုံးရှုံးသူများသည် တစ်ချိန်တုန်းက ထင်ရှားပေါ်လွင်သော အောင်မြင်မှုအစဉ်အလာရှိခဲ့ဖူးပါသည်၊ သို့သော် သူတို့သည် ထိုအစဉ်အလာလမ်းကြောင်းကိုတိုးချဲ့ရန် စွန့်စားမှုများမလုပ်တော့ဘဲ တစ်ချိန်ကအောင်မြင်မှုကို တစ်သက်လုံး ဒီအတိုင်းလုပ်ဆောင်ရန် လိုင်စင်ရထားသကဲ့သို့ စည်းရိုးခတ်ပြီး လုပ်ရိုးအတိုင်းလုပ်ခဲ့ကြသည်။ အထက်ပါ စီမံခန့်ခွဲမှုဆုံးရှုံးရခြင်း အကြောင်းတရားအားလုံး၌ ရေသောက်မြစ်သည် တစ်ခုတည်းသာရှိပါသည်၊ ယင်းသည်မာန ဖြစ်သည်။ အလွယ်ဆုံးပြောရလျှင် မာနတရားသည် အရာရာကို ဖွတ်ဖွတ်ညက်ညက် ကြေစေပါသည်၊ မာနတရားသည် သင့်ကိုယ်သင်တန်ဖိုးထားသော ခံယူချက်ကို ဖောင်းပွမှုဖြစ်ပေါ်စေသည်၊ မာနတရားသည် အမှန်တရားအပေါ် သင်၏အမြင်ကိုရွှဲ့စောင်းစေသည်။”

မနာလိုဝန်တိုသော ဣဿာမစ္ဆရိယစိတ် (envy) သည် သိမ်ငယ်သောစိတ်ခံစားချက် (inferiority) မှလာသောကြောက်မက်ဖွယ်ရာ မကောင်းမှုတစ်မျိုးဖြစ်သည်၊ နောက်ထပ် ကြောက်မက်ဖွယ် မကောင်းမှုတစ်မျိုးမှာသာလွန်သည်ဟုခံစားသောစိတ်ခံစားချက် (superiority)မှလာသည့်မာနစိတ် (pride)ဖြစ်ပါသည်။ ၎င်းမာနစိတ်ရှိသူသည် အောင်မြင်မှုတချို့ရရှိလျှင် စိတ်ကြီးဝင်မှုကို ဖြစ်ပေါ်စေသည်၊ အမှန်တရားအပေါ်ရွှဲ့စောင်းသောအမြင်နှင့်မိမိကိုယ်မိမိအထင်ကြီးသော စိတ်တို့ကိုပေါင်းဆုံမိစေသည်။ ဤသဘောထားမျိုးရှိသောလူသည်သင်ယူ လိုသောဆန္ဒမရှိ၊ ပြောင်းလဲလိုသောဆန္ဒလည်းမရှိဘဲ သင်ယူရန်မလွယ်ကူသောလူတစ်ယောက်ဖြစ်စေပါသည်။

## သင်၏ဉာဏ်စွမ်းရည်ကို နောက်တစ်ဆင့်တိုးတက်ရန် အတွက် ဘယ်လိုသယ်ဆောင်သွားမလဲ

သင်၏ဉာဏ်စွမ်းရည်ကို တိုးချဲ့လိုလျှင် သင်သည် သင်ယူလွယ်သော လူတစ်ယောက်ဖြစ်ရပါမည်၊ ဤသည်မှာ ကြီးပွားတိုးတက်မှုလမ်းကြောင်းပါပဲ။ အနာဂတ်အရေးတွေးတောရှာဖွေသူနှင့် စာရေးဆရာတစ်ဦးဖြစ်သော John Naisbitt က“ ရယူပိုင်ဆိုင်လိုသူများအတွက် ပထမဦးဆုံးနှင့်အရေးကြီးဆုံးကျွမ်းကျင်မှုလိုအပ်ချက်မှာ ဘယ်လိုသင်ယူရမလဲဆိုသည်ကို သင်ယူခြင်းပင်ဖြစ်ပါသည်”ဟုဆိုခဲ့ပါသည်။ စာရေးသူကလည်း သင့်ကိုသင်ယူလွယ်သူဖြစ်လာစေရန်နှင့် ထပ်ဆင့်ဉာဏ်စွမ်းရည် မြင့်မားသောပုဂ္ဂိုလ်ဖြစ်လာစေရန် အောက်ပါအတိုင်းအကြံပေးလိုပါသည်–

**(၁) နားထောင်တတ်ရန်သင်ယူပါ။** သင်ယူရန်ပထမအဆင့်အနေဖြင့် နားထောင်တတ်ရန် သင်ယူရပါမည်၊ အမေရိကန်စာရေးဆရာနှင့်တွေးခေါ်ရှင် Henry David Thoreau က“ အမှန်တရားကို ပြောရန်အမှတ်စဉ် နှစ်ခုရှိသည်၊ အမှတ်စဉ်(၁)က ပြောရန်ဖြစ်ပြီး အမှတ်စဉ်(၂)က နားထောင်ရန်ဖြစ်သည်” ဟုရေးသားဖော်ပြခဲ့ပါသည်။ ကောင်းကောင်းနားထောင်တတ်ခြင်းဖြင့် လူတွေအကြောင်းပိုသိ နိုင်သည်၊ သူတို့သင်ယူထားပြီးသည်များကို မိမိက ပြန်လည်သင်ယူနိုင်သည်၊ သူတို့တစ်ဦးချင်းအပေါ် မိမိ၏တန်ဖိုးထားမှုများကို ဖော်ညွှန်းနိုင်သည်။

တစ်နေ့တစ်နေ့သင်ကသာ အစဉ်မပြတ်ပြောနေမည်ဆိုလျှင် သင်သည်ဘာမျှသင်ယူဖြစ်လိုက်မည် မဟုတ်ပါ၊ ရှေးရိုးစကားတစ်ခုရှိပါသည်၊ " သင့်မှာပြောစရာပါးစပ်တစ်ပေါက်နှင့် နားထောင်ရန် နားနှစ်ပေါက်ပါရှိရခြင်းမှာအကြောင်းရှိလို့ဖြစ်သည် "။ အခြားလူများပြောသည်ကို ကောင်းစွာနားထောင်ပါ၊ သင့်ကိုယ်သင်နှိမ့်ချထားပါ၊ ထိုအခါနေ့တိုင်းသင်ယူစရာတွေ များစွာရလာမည်၊ ဤနည်းဖြင့် သင်၏ဉာဏ်စွမ်းရည် တိုးတက်လာပါမည်။

(၂) **သင်ယူသောလုပ်ငန်းစဉ်ကို နားလည်ပါ။** သင်ယူသောလုပ်ငန်းစဉ်သည် ပုံစံတကျဆိုလျှင် အောက်ပါအတိုင်းဖြစ်ပါသည်–

အဆင့်(၁)။ အလုပ်တစ်ခုကိုဆောင်ရွက်ပါ။

အဆင့်(၂)။ သင်၏အမှားအယွင်းများကို စစ်ဆေးပါ၊ အကဲဖြတ်ပါ။

အဆင့်(၃)။ ပိုမိုကောင်းမွန်သောနည်းလမ်းတစ်ခုကို ရှာဖွေပါ။

အဆင့်(၄)။ အဆင့်(၁)ကို ပြန်သွားပါ။

သို့သော်သင်ယူရာ၌ အကြီးမားဆုံးရန်သူတစ်ဦးရှိနေသည်ကိုမမေ့ပါနှင့်၊ ထိုရန်သူမှာ"သိနားလည်ခြင်း" ဖြစ်ပါသည်၊ သင်ယူခြင်းအားလုံး၏ ပန်းတိုင်သည် လက်တွေ့အလုပ်လုပ်ရန်သာဖြစ်ပါသည်၊ သိနားလည်ခြင်းမဟုတ်ပါ။ ပန်းတိုင်မမှားရန်အရေးကြီးပါသည်၊ သင်ကိုယ်တိုင် သို့မဟုတ် အခြားလူများ၏ ဘဝတွက်တာအလုပ်လုပ်ကိုင်နေခြင်းများကို တစ်နည်းတစ်ဖုံ အကျိုးပြုခြင်းမရှိပါက သင်၏ သင်ယူခြင်းတန်ဖိုးကို မေးခွန်းထုတ်ရန်လိုပါသည်၊ ထို့ကြောင့်လိုအပ်လျှင်ပြောင်းလဲရန် အသင့်ရှိရပါမည်။

(၃) **သင်ယူလွယ်သော အချိန်ကာလကလေးများကို ရှာဖွေပါ၊ စီစဉ်ပါ။** အခြေအနေ တိုင်းတွင် သင်ယူနိုင်သော အခွင့်အရေးများကို ရှာဖွေနေမည်ဆိုလျှင် သင်သည်ထပ်ဆင့်ဉာဏ်စွမ်းရည် ထက်မြက်သူဖြစ်လာပါလိမ့်မည်။ သင်၏ဉာဏ်စွမ်းရည်ကိုလည်း အလားအလာရှိသလောက် တိုးချဲ့နိုင်ပါ မည်။ ထို့အပြင် နောက်ထပ်တစ်ဆင့်ထပ်တိုးနိုင်သောနည်းလမ်းမှာ သင်ယူလွယ်သောအချိန်ကာလ ကလေးများ ရရှိနိုင်ရေးအတွက် အစီအစဉ်ပြုလုပ်ခြင်းဖြစ်ပါသည်၊ စာအုပ်ဖတ်ခြင်း၊ လှည့်လည်ကြည့်ရှု သင့်သော နေရာများသွားရောက်ခြင်း၊ သင့်ကိုပြောင်းလဲစေရန်တိုက်တွန်းနိုင်သော ဖြစ်စဉ်များကို လေ့လာခြင်းနှင့် သင့်၏ဉာဏ်ပညာကို ဆွဲဆန့်ပေးမည့်လူများ အတွေ့အကြုံအသစ်များ ဖြန့်ဝေပေးမည့် လူများအတွက် သင်၏အချိန်ကို ခွဲဝေပေးခြင်းတို့ဖြစ်ပါသည်။

စာရေးသူသည် အထင်ကရပုဂ္ဂိုလ်များစွာအတွက် အချိန်ပေးခဲ့ခြင်းဖြင့် အကျိုးကျေးဇူးများ စွာရရှိခဲ့ပါသည်၊ ဤသို့ပြုလုပ်ခြင်းဖြင့် ရရှိသော သဘာဝဆုလာဘ်သည် သင်ယူရန်အခွင့်အရေးရရှိခြင်း ဖြစ်ပါသည်။ စာရေးသူ၏ပုဂ္ဂိုလ်ရေးဆက်ဆံမှုများတွင်လည်း မည်သူ့ထံမှ သင်ယူရရှိနိုင်မလဲဆိုသည့် အချက်ကိုအမြဲဦးတည်ချက်ထားခဲ့ပါသည်။သူ၏အရင်းနှီးဆုံးမိတ်ဆွေများသည် သူ၏စဉ်းစားတွေးခေါ်မှုများကို စိန်ခေါ်သူများဖြစ်ကြသည်၊ မကြာခဏဆိုသလို သူတို့ကြောင့် စာရေးသူ၏စဉ်းစားတွေးခေါ်မှုကို ပြောင်းလဲခဲ့ ရဖူးပါသည်၊ ဤနည်းဖြင့် သူတို့သည်စာရေးသူ၏ဘဝကိုမြှင့်တင်ပေးခဲ့သည်။ စပိန်လူမျိုး တွေးခေါ်ရှင် နှင့် စာရေးဆရာ Baltasar Gracian ပြောခဲ့သည့်အတိုင်း သူနေဖြစ်ခဲ့သည်၊ " ဆရာများကို မိတ်ဆွေဖြစ်အောင်နေပါ၊ ရောနှောနေထိုင်၍စကားပြောယင်း သူတို့၏သင်ကြားပြသမှု အကျိုးကျေးဇူးများကိုပျော်ရွှင်စွာခံယူပါ " ဟူ၏။ သင်လည်းဒီအတိုင်းလုပ်နိုင်ပါသည်၊ သင့်ကို စိန်ခေါ်သူများ

နှင့် သင့်တန်ဖိုးကိုမြှင့်တင်ပေးသူများကို ချစ်ကြည်ရင်းနှီးအောင်ပြုစုပျိုးထောင်ပါ၊ သူတို့အတွက် သင်က လည်း ဒီအတိုင်းပဲလုပ်ပေးပါ၊ သင့်ဘဝပြောင်းလဲလာပါတော့မည်။

**(၄) သင်၏သင်ယူလွယ်သော အချိန်ကာလကလေးများကို အလေးအနက်ထားပါ။** သင်ယူလွယ်သော အချိန်ကာလကလေးများကို မဟာဗျူဟာမြောက်ရှာဖွေတတ်သူများပင်လျှင် မေ့လျော့ပြီး အလေးအနက်မထားမိသည်များ ရှိနိုင်ပါသည်။ စာရေးသူသည် ညီလာခံများ၊ ဆွေးနွေးပွဲများတွင် အနှစ်သုံးဆယ်ခန့်ဟောပြောခဲ့သည့်အတွေ့အကြုံရှိပါသည်၊ သူများကိုသင်ယူနိုင်ရန် လုပ်ဆောင်ခဲ့သော အစီအစဉ်များဖြစ်ပါသည်၊ သို့သော် လူများစွာတို့သည် မှတ်စုစာအုပ်များအား ပိတ်၍ ဟောပြောပွဲများမှ ထွက်သွားကြပြီးနောက် သူတို့ကြားခဲ့ရသမျှ၏ အလွန်နည်းပါးသော ပမာဏမျှသာ လိုက်နာ လုပ်ဆောင်ကြသည်ကိုတွေ့ရပါသည်။ ကျောက်မျက်ရတနာ ဒီဇိုင်းဆရာတစ်ယောက်သည် ကျောက်မျက် ကုန်သည်တစ်ဦးထံမှ အကောင်းစားကျောက်မျက်များကို ဝယ်ယူသွားပြီးနောက် ရတနာဗူးအတွင်း ထည့်သွင်း၍ စင်တစ်ခုထက်တွင် တင်ထားခဲ့ခြင်းဖြင့် ဖုံတက်ရုံသာ ရှိသကဲ့သို့ ဖြစ်ပါသည်၊ ကျောက်မျက်များကို ဝယ်ယူစုဆောင်းပြီး အသုံးမပြုဘဲထားလျှင် ဘာတန်ဖိုးရှိပါမည်နည်း။

သင်ယူမှုလုပ်ငန်းစဉ်အပေါ် အာရုံမစူးစိုက်ဘဲ သင်ယူမှုဖြစ်စဉ်များ အပေါ်တွင်သာ အာရုံစူးစိုက်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့်စာရေးသူသည်လူများအား မိမိတို့သင်ယူထားပြီးသမျှကို ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို အကူအညီပေးနိုင်ရန် လုပ်ငန်းအဆင့်များ ရေးဆွဲခဲ့ပါသည်။ စာရေးသူက သူတို့၏ မှတ်စုစာအုပ်များတွင် အတိုဂုက်စာလုံးများကို အောက်ပါအတိုင်း ရေးသွင်းထားရန် အကြံပေးထားပါသည်–

- T အမှတ်အသားကိုတစ်ချိန်တွင်ပြန်စဉ်းစားရန်ကိစ္စအတွက်မှတ်သားရန်ဖြစ်သည်၊(Thinking)
- C အမှတ်အသားသည် မိမိကလိုက်ပါပြောင်းလဲရန်ရည်ရွယ်သောကိစ္စအတွက် မှတ်သားရန်ဖြစ်ပါသည်၊ (Change)
- J အမှတ်အသားသည် ယခုအခါ မိမိကကောင်းစွာလုပ်ကိုင်နေသောကိစ္စ ဖြစ်သည့် အတွက် ပျော်ရွှင်မှု အမှတ်အသားဖြစ်ပါသည်၊ (Joy)
- A အမှတ်အသားသည်လက်တွေ့အသုံးချရန် လိုအပ်သောကိစ္စအတွက် မှတ်သားရန်ဖြစ်ပါသည်၊ (Apply)
- S အမှတ်အသားသည် အခြား လူတစ်ယောက်ယောက်ကို သတင်းအချက်အလက် မျှဝေပေးရေး အတွက် မှတ်သားရန်ဖြစ်ပါသည်၊ (Share)

ဆွေးနွေးပွဲမှတ်စုများတွင်ဤသို့အမှတ်အသားများကို သက်ဆိုင်ရာစာပိုဒ်စာကြောင်းများ၌ ယှဉ်တွဲရေးမှတ်ပြီးနောက် ထိုရေးသွင်းမှတ်သားချက်များကိုအခြေခံ၍ ဆောင်ရန်စာရင်း (to-do lists)တစ်ခုဖန်တီးရန်ဖြစ်ပါသည်။ ထို့နောက် လိုက်နာ လုပ်ဆောင်ရမည့် ရက်စွဲအချိန် ရေးသွင်းရန်သာဖြစ်ကြောင်း စာရေးသူကထောက်ခံတင်ပြထားပါသည်။

**(၅) သင့်ကိုယ်သင်မေးပါ၊ "ငါတကယ်သင်ယူလွယ်ပြီလား"။** စာရေးသူကဤအကြောင်းကို ယခင်ကလည်းပြောခဲ့ဖူးပါပြီ၊သို့သော်ထပ်ကာတလဲလဲပြောနေရဦးမည့်ကိစ္စလည်းဖြစ်ပါသည်၊ အကယ်၍သင့်ကသာသင်ယူလွယ်သောစိတ်ထားမရှိလျှင် ကမ္ဘာပေါ်မှာရှိသည့် မည်သည့်အကောင်းဆုံး အကြံဉာဏ်ကမဆို

သင့်ကိုမကူညီနိုင်ပါ။ သင့်ကိုယ်သင်အကြံဉာဏ် အသစ်များနှင့် နည်းလမ်းအသစ်များကို လက်ခံရန် ပွင့်လင်းနေပြီလားဆိုသည်ကို သိနိုင်ရန်အတွက် အောက်ပါမေးခွန်းများကို ဖြေဆိုကြည့်ပါ–

(က) အခြားလူများ၏ အကြံဉာဏ်များကို လက်ခံရန် ငါကလမ်းဖွင့်ထားသလား၊

(ခ ) ငါသည် ပြောသောအလုပ်ထက် နားထောင်သောအလုပ်ကို ပိုလုပ်ပြီလား၊

(ဂ ) ရရှိသောသတင်းအချက်အလက် အသစ်များကို အခြေခံ၍ငါ့ရဲ့အယူအဆကို ပြောင်းလဲနိုင်ပြီလား၊

(ဃ) ငါမှားလျှင်ကော ဝန်ခံရန်အသင့်ရှိပြီလား၊

(င ) အခြေအနေတစ်ရပ်အပေါ် အရေးယူဆောင်ရွက်ခြင်းမပြုလုပ်မီ အသေအချာရှုမြင်တတ်ပြီလား၊

(စ ) မေးခွန်းများမေးလေ့ရှိပြီလား၊

(ဆ) ငါ့ရဲ့အမှတ်သညာ မရှိမှုကို ပေါ်လွင်စေမည့်မေးခွန်းတစ်ခုကို မေးရန်ဆန္ဒရှိပြီလား၊

(ဇ ) တစ်ခါမျှမလုပ်ဖူးသော နည်းလမ်းဖြင့် အလုပ်ကိစ္စများကို လုပ်ရန်လမ်းပွင့်နေပြီလား၊

(ဈ ) လမ်းညွှန်ချက်များတောင်းခံရန် ဆန္ဒရှိနေပြီလား၊

(ည) ငါ့အပေါ်ဝေဖန်မှုကို ခုခံကာကွယ်တတ်သလား၊ အမှန်တရားကို ပွင့်ပွင့်လင်းလင်းနားထောင်တတ်သလား၊

ဤမေးခွန်းများမှ တစ်ခုသို့မဟုတ်အများကို မဖြစ်သေးပါ သို့မဟုတ် မရှိသေးပါဟု ဖြေခဲ့လျှင် သင်သည်သင်ယူလွယ်သောအခြေအနေရောက်ရန် ကြားတွင် ဟာကွက်ရှိနေပါသေးသည်။သင်၏သဘောထားကို ပိုမိုပျော့ပျောင်းစေရန်နှင့် သင့်ကိုယ်သင်နှိမ့်ချတတ်ရန် လိုပါသေးသည်။ တွေးခေါ်ရှင် John Wooden ၏စကားများကို မှတ်သားထားပါ၊ “ ကျွန်တော်တို့ သိနားလည်ထားတာမှန်သမျှသည် အခြားတစ်စုံတစ်ယောက်ဆီမှ သင်ယူခဲ့ရတာ ချည်းဖြစ်ပါသည် ”။

တီထွင်သူ Thomas Edison သည် North Corolina ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဧည့်သည်အဖြစ်တစ်ချိန်က ဖိတ်ကြားခြင်းခံရသည်၊ အုပ်ချုပ်ရေးမှူးက နိုင်ငံရေးသမားပီပီ သူ၏တီထွင်ဖန်တီးမှု ပင်ကိုယ်စွမ်းရည်အတွက် ချီးကျူးစကားပြောကြားသည်။

“ ကျွန်တော်က သိပ်ကြီးမားတဲ့ တီထွင်သူမဟုတ်ပါဘူး ” ဟု Edison က ပြန်ပြောသည်။ “ဒါပေမဲ့ခင်ဗျားရဲ့ ဂုဏ်သတင်းတွေအရ မူပိုင်ခွင့်လုပ်ထားတာတောင် အမျိုးအစား တစ်ထောင်ကျော်တယ်လေ” ဟု အုပ်ချုပ်ရေးမှူးက ဖော်ပြသည်၊ “ အင်းဟုတ်တော့ဟုတ်ပါတယ် ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် မူရင်းအဖြစ်လုပ်ခဲ့တာဆိုလို့ ပြောနိုင်တာ တစ်ခုပဲရှိတယ်၊ အဲ့ဒါ ခါတ်ပြားဖွင့်စက်တစ်မျိုးတည်းပါ” ဟု Edison ပြန်ပြောသည်၊ “ကျွန်တော်တော့ဗျာ ခင်ဗျားဘာကိုဆိုလိုချင်တယ် ဆိုတာတောင် မသိတော့ဘူး ဖြစ်နေတယ် ” ဟု မှတ်ချက်ပြုလိုက်သည်။

ထိုအခါ Edison ကရှင်းပြသည်၊ “ အမှန်တော့ ကျွန်တော်ဟာ သူများတွေကို ကပ်မှီပြီးကောင်းကောင်းအသုံးချခဲ့တယ်လို့ ထင်တယ်၊ ကျွန်တော်ကအခြားလူတွေရဲ့ အကြံဉာဏ်တွေကို တတ်နိုင်သမျှ သိမ်းဆည်းထားခဲ့တယ်၊ ပြီးတော့လက်တွေ့အသုံးချခဲ့တယ်၊ သူတို့ရဲ့ အကြံဉာဏ်

တွေကိုတစ်စုံတစ်ရာတန်ဖိုးရှိလာအောင်မြှင့်တင်ပေးနိုင်ခဲ့တယ်၊ကျွန်တော်အသုံးပြုခဲ့တဲ့အကြံဉာဏ် အများစုဟာ တခြားလူတွေရဲ့ အကြံဉာဏ်တွေပါပဲ၊ သူတို့ဘာသာ သူတို့ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ခဲ့တာကို ကျွန်တော်က ဆက်လုပ်ခဲ့တာပါ"။

ဘယ်လောက်မှတ်သားစရာကောင်းသည့် ရှင်းလင်းဖော်ပြချက်ပါလဲ၊ Edison သည် ပင်ကိုယ်ဉာဏ်စွမ်းရည်ကို သူ၏သင်ယူလွယ်သောစိတ်ထားဖြင့် အသုံးချ၍ တိုးချဲ့သွားခဲ့ခြင်းဖြစ်ပါသည်။ ထပ်ဆင့်ဉာဏ်စွမ်းရည် (talent-plus) ရှိသူ တစ်ယောက်၏ လုပ်နည်းလုပ်ဟန် အစစ်ပါပဲ၊ သင်လည်း ဒီအတိုင်းပဲ ဖြစ်အောင်ကြိုးစားအားထုတ်သွားရမှာ မဟုတ်ဖူးလား။